# ပြည်သူ့ကိုယ်စားလှယ်များ၏
# ခံစားခွင့်ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၁၅၃ |
| ၂ | အခန်း (၁)<br>အမည်၊ အာဘဏာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက် | ၁၅၄ |
| ၃ | အခန်း (၂)<br>ထောက်ပံ့ကြေး .... .... | ၁၅၆ |
| ၄ | အခန်း (၃)<br>ချီးမြှင့်ငွေ .... .... .... | ၁၅၉ |
| ၅ | အခန်း (၄)<br>လုပ်ငန်းကုန်ကျစရိတ် .... .... | ၁၆၀ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | **အခန်း (၅)** | |
| | ကရုဏာကြေး .... | ၁၆၁ |
| ၇ | **အခန်း (၆)** | |
| | အခြားခံစားခွင့်များ .... .... | ၁၆၃ |
| ၈ | **အခန်း (၇)** | |
| | အထွေထွေ .... | ၁၆၇ |
| ၉ | နောက်ဆက်တွဲဇယားများ—— | |
| | ဇယား (က) ကရုဏာကြေး ရာခိုင်နှုန်းဖော်ပြချက် | ၁၇၀ |
| | ဇယား (ခ) နေ့တွက်စရိတ်များ .... | ၁၇၁ ၇၂ |
| | ဇယား (ဂ) ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့် အခြားခံစားခွင့်များ။ | |
| | ဇယား (ဃ) ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့် အခြားခံစားခွင့်များ။ | |

# ပြည်သူ့ကိုယ်စားလှယ်များ၏ခံစားခွင့်ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂]

## နိဒါန်း

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးကို သည်ပိုးထမ်းဆောင် ကြရသည့် လုပ်ငန်းတာဝန်နှင့် လျော်ညီသော ခံစားခွင့်များ ရရှိစေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်တခုသို့ ရွေးချယ်တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်တဦးကိုဆိုသည်။ ဤစကားရပ်တွင် ပြည်သူ့ကောင်စီ အဆင့် ထခုခုသို့ နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန် ပေးအပ်သော ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ခ) ထောက်ပံ့ကြေး ဆိုသည်မှာနိုင်ငံတော်သမ္မတ အပါအဝင် နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်၊ တိုင်းနှင့်

မြို့နယ်အဆင့်ဆင့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ အဖွဲ့ဝင်များ အတွက် သတ်မှတ် ထားသည့် လစဉ်ခံစားခွင့်ကိုဆိုသည်။

(ဂ) ချီးမြှင့်ငွေ ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ အတွက် သတ်မှတ်ထားသည့် လစဉ်ခံစားခွင့်ကိုဆိုသည်။

(ဃ) လုပ်ငန်းကုန်ကျစရိတ် ဆိုသည်မှာ ထောက်ပံ့ကြေးရယူ ခံစားသည့် ပြည်သူ့ ကိုယ်စားလှယ်များမှ အပ လွှတ်တော်နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်ပြည်သူ့ကောင်စီ-များရှိ ပြည်သူ့ ကိုယ်စားလှယ်များ လုပ်ငန်းတာဝန် ကိစ္စအဝဝကို ထမ်းဆောင်ရာတွင် ကုန်ကျစရိတ်အတွက် သတ်မှတ်ထားသည့် သုံးလတကြိမ် ခံစားခွင့်ကို ဆိုလိုသည်။

(င) နေရာထိုင်ခင်းစရိတ် ဆိုသည်မှာ နေအိမ်၊ ဥယျာဉ်၊ အိမ်ထောင်ပရိဘောဂ၊ လျှပ်စစ်မီးနှင့် အိမ်အကူတို့ အတွက် ကုန်ကျစရိတ်များကိုဆိုလိုသည်။

(စ) အသေးသုံးစရိတ် ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှအပ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များ အတွက်သတ်မှတ်ထားသည့် ပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပသည့် အကြိမ်တိုင်း ခံစားခွင့်ကို ဆိုသည်။

## အခန်း (၂)

### ထောက်ပံ့ကြေး

၄။ နိုင်ငံတော်သမ္မတအတွက် လစဉ်ထောက်ပံ့ကြေးမှာ ကျပ် ၃၅၀၀ ဖြစ်သည်။ ယင်းထောက်ပံ့ကြေးအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၅။ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းတို့တွင် တာဝန်ထမ်းဆောင်ကြရသော ပြည်သူ့ကိုယ်စားလှယ်များ အတွက် လစဉ်ထောက်ပံ့ကြေးမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီအတွင်းရေးမှူး .... ကျပ် ၃၀၀၀

(ခ) ဝန်ကြီးချုပ် .... .... ကျပ် ၃၀၀၀

(ဂ) နိုင်ငံတော်ကောင်စီဝင် .... ကျပ် ၂၅၀၀

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၂၅၀၀

(င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ.... ကျပ် ၂၅၀၀

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ .... ကျပ် ၂၅၀၀

(ဆ) ဒုတိယဝန်ကြီးချုပ် .... ကျပ် ၂၃၀၀

(ဇ) ဝန်ကြီးအဖွဲ့ဝင် .... .... ကျပ် ၂၀၀၀

(ဈ) ပြည်သူ့တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၂၀၀၀

(ည) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် .... ကျပ် ၂၀၀၀

(ဋ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၂၀၀၀

၆။ ဒုတိယဝန်ကြီးအတွက် လစဉ်ထောက်ပံ့ကြေးမှာ ကျပ် ၁၀၀၀ ဖြစ်သည်။

၇။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများတွင် တာဝန်ထမ်းဆောင်ကြသော ပြည်သူ့ ကိုယ်စားလှယ်များ အတွက် လစဉ်ထောက်ပံ့ကြေးမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ကျပ် ၁၃၀၀

(ခ) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၁၂၀၀

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၁၂၀၀

(ဃ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ အတွင်းရေးမှူး ကျပ် ၁၁၀၀

(င) ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ကျပ် ၉၀၀

(စ) တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၉၀၀

(ဆ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၉၀၀

၈။ မြို့နယ် ပြည်သူ့ကောင်စီများတွင် တာဝန် ထမ်းဆောင်ကြသော ပြည်သူ့ကိုယ်စားလှယ်များအတွက် လစဉ်ထောက်ပံ့ကြေးမှာ အောက်ပါ အတိုင်းဖြစ်သည်—

(က) မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ... ကျပ် ၆၀၀

(ခ) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၅၅၀

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ... ကျပ် ၅၅၀

(ဃ) မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး .... ကျပ် ၅၀၀

(င) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် ကျပ် ၄၅၀

(စ) တရားသူကြီးအဖွဲ့ဝင် .... ကျပ် ၄၅၀

(ဆ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... ကျပ် ၄၅၀

၉။ လစဉ်ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ ခွင့်ပြုသည့် ဒေသန္တရ ရှားပါးစရိတ်များကိုလည်း ခံစားခွင့်ရှိသည်။

၁၀။ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံကြရသည့် ဝန်ထမ်းများသည် မိမိတို့ ရရှိခံစားနေသည့် လစာနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေးခံစားခွင့်နှစ်ရပ်အနက် ကြိုက်နှစ်သက်ရာတရပ်ကို ခံစားခွင့်ရှိသည်။

၁၁။ ပြည်သူ့ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အငြိမ်းစားဝန်ထမ်းများသည် ပြည်သူ့ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေးခံစားခွင့်အပြင် မိမိတို့၏အငြိမ်းစား လစာကိုပါ ခံစားခွင့်ရှိသည်။

၁၂။ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အငြိမ်းစားဝန်ထမ်းတဦးအား နိုင်ငံတော်ကောင်စီက ဝန်ထမ်းအဖွဲ့အစည်း တရပ်ရပ်တွင် နိုင်ငံရေးအရ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းဖြစ်ပါက တာဝန်ထမ်းဆောင်ရသည့် ရာထူးမှ ရရှိသည့်လစာအပြင် အငြိမ်းစား လစာကိုပါ ခံစားခွင့်ရှိသည်။

# အခန်း (၃)

## ချီးမြှင့်ငွေ

၁၃။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ အတွက် လစဉ်ချီးမြှင့်ငွေမှာ ကျပ် ၁၀၀ ဖြစ်သည်။

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအတွင်းရေးမှူး အတွက် လစဉ်ချီးမြှင့်ငွေမှာ ကျပ် ၈၀ ဖြစ်သည်။

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ချီးမြှင့်ငွေအပေါ် ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ ခွင့်ပြုသည့် ဒေသန္တရ ရှားပါးစရိတ် များကိုလည်း ခံစားခွင့်ရှိသည်။

၁၄။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဝန်ထမ်းများ သည် မိမိတို့ရရှိသော လစာအပြင် ချီးမြှင့်ငွေကိုလည်း ခံစားခွင့်ရှိသည်။ သို့ရာတွင် လစာအပေါ် ခံစားခွင့်ရှိသော ဒေသန္တရ ရှားပါးစရိတ်နှင့် ချီးမြှင့်ငွေအပေါ် ခံစားခွင့်ရှိသော ဒေသန္တရ ရှားပါးစရိတ် နှင့်ယှဉ်အနက် ကြိုက်နှစ်သက်ရာ ဒေသန္တရ ရှားပါးစရိတ်တရပ်ကိုသာ ခံစားခွင့်ရှိသည်။

# အခန်း ‑ (၄)

## လုပ်ငန်းကုန်ကျစရိတ်

၁၅။ လစဉ် ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များသည် သုံးလလျှင် တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၇၅၀ ခံစားခွင့်ရှိသည်။

၁၆။ လစဉ် ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ကိုယ်စားလှယ်များမှအပ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်များသည် သုံးလလျှင်တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၃၀၀ ခံစားခွင့်ရှိသည်။

၁၇။ လစဉ်ထောက်ပံ့ကြေး ခံစားခွင့်ရှိသည့် မြို့နယ်ပြည်သူ့ကောင်စီ ကိုယ်စားလှယ်များမှအပ မြို့နယ်ပြည်သူ့ကောင်စီဝင်များသည် သုံးလလျှင် တကြိမ် လုပ်ငန်းကုန်ကျစရိတ် ကျပ် ၁၅၀ ခံစားခွင့်ရှိသည်။

၁၈။ ပြည်သူ့ ကိုယ်စားလှယ်များအတွက် ခွင့်ပြုထားသည့်လုပ်ငန်းကုန်ကျစရိတ်အပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

## အခန်း (၅)

## ကရုဏာကြေး

၁၉။ ပြည်သူ့ကိုယ်စားလှယ်များသည် သောင်းကျန်းသူများ၏ လက်ချက်ကြောင့်—

(က) အသက်ဆုံးရှုံးလျှင် သို့မဟုတ် ထိခိုက် ဒဏ်ရာရရှိ၍ အလုပ်လုပ်ကိုင်နိုင်သည့်စွမ်းအား ဆုံးရှုံးမှုသည် ရာခိုင်နှုန်းပြည့်ဖြစ်လျှင် အောက်ပါ ကရုဏာကြေးကိုခံစားခွင့်ရှိသည်—

| | | |
|---|---|---|
| (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် | ကျပ် | ၁၀၀၀၀ |
| (၂) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် | ကျပ် | ၇၅၀၀ |
| (၃) မြို့နယ် ပြည်သူ့ကောင်စီဝင် .... | ကျပ် | ၆၀၀၀ |
| (၄) ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင် | ကျပ် | ၅၀၀၀ |

(ခ) ထိခိုက်ဒဏ်ရာရရှိ၍ အလုပ် လုပ်ကိုင်နိုင်သည့် စွမ်းအားဆုံးရှုံးမှုသည် ရာခိုင်နှုန်း တစ်ရာ အောက် လျော့နည်း၍

သတ်မှတ်ခြင်းခံရလျှင် အထက် ပုဒ်မခွဲ (က) ပါ ကရုဏာကြေးကိုအခြေခံလျက် နောက်ဆက်တွဲ ဇယား "က" တွင် ဖော်ပြထားသော အလုပ် လုပ်ကိုင်နိုင်သည့် စွမ်းအားဆုံးရှုံးမှု ရာခိုင်နှုန်းအလိုက် အချိုးကျခံစားခွင့်ရှိသည်။

၂၀။ ပြည်သူ့ ကိုယ်စားလှယ်များသည် သောင်းကျန်းသူများ၏လက်ချက်မှအပ အခြားအကြောင်း ကိစ္စရပ်များကြောင့် အသက်ဆုံးရှုံးလျှင်သို့မဟုတ်ထိခိုက်ဒဏ်ရာရရှိလျှင် ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများခံစားခွင့်ထက် မလျော့နည်းသောခံစားခွင့်ကို နိုင်ငံတော်ကောင်စီက သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၂၁။ ပြည်သူ့ကိုယ်စားလှယ်တဦးသည် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းမှာပြည်သူ့ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းကြောင့်မဟုတ်ပဲ မိမိ၏ပရောဂကြောင့် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ဒဏ်ရာရရှိခြင်းဖြစ်လျှင် အကျိုးခံစားခွင့်မရှိစေရ။

# အခန်း (၆)

## အခြားခံစားခွင့်များ

၂၂။ ပြည်သူ့ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်းနှင့် တာဝန်အရ ခရီးလှည့်လည်ခြင်းတို့အတွက် နောက်ဆက်တွဲဇယား "ခ" တွင် ဖော်ပြထားသည့် နေ့တွက် စရိတ်များကို ခံစားခွင့်ရှိသည်။

၂၃။ လွှတ်တော်ကိုယ်စားလှယ်များသည် နောက်ဆက်တွဲဇယား "ဂ" တွင်ဖော်ပြထားသည့် ခရီးစရိတ်၊နေရာထိုင်ခင်းစရိတ်နှင့်မော်တော်ယာဉ် သုံးစွဲပိုင်ခွင့်စသော ခံစားခွင့်များကိုလည်းကောင်း၊ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များသည်နောက်ဆက်တွဲဇယား "ဃ" တွင်ဖော်ပြထားသည့် ခရီးစရိတ်၊နေအိမ် သို့မဟုတ် နေအိမ်စရိတ်၊ မော်တော်ယာဉ်သုံးစွဲပိုင်ခွင့်၊ အသေးသုံးငွေများနှင့် ပုံသေခရီးစရိတ်များကိုလည်းကောင်း ခံစားခွင့်ရှိသည်။

၂၄။ ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့်ရှိသည့် အိမ်ငှါးရမ်းခများပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၂၅။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့်ဝန်ကြီးချုပ်တို့ ပြည်ပသို့ခရီးသွားခြင်းအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။

၂၆။ နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများ ပြည်ပသို့ခရီးသွားရာတွင် အောက်ပါအတိုင်း ခံစားခွင့်ရှိသည်–––

(က) လေယာဉ်၊ မီးရထား၊ သင်္ဘော စသည့် ယာဉ်များတွင် အထက်တန်း သို့မဟုတ် ပထမတန်းဖြင့်သွားလာခွင့်၊

(ခ) ဧည့်ခန်းပါသော ဟော်တယ်ခန်း၌တည်းခိုခွင့်(သို့ရာတွင် ခရီးသွားရသော အကြောင်းအပေါ် အခြေခံလျက် အကြောင်းထူးမရှိလျှင် ဧည့်ခန်းမပါသည့် အခန်းတွင် တည်းခိုရမည်)၊

(ဂ) ဝန်ထမ်းများ ခွင့်ပြုသည့် စရိတ်ထက် တစ်ဆ ပိုသော နေ့တွက်စရိတ်။

၂၇။ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပုဂ္ဂိုလ်များမှအပ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်ပသို့ခရီးသွားရလျှင် ဝန်ထမ်းများအား ခံစားခွင့်ပြုသည့်အတိုင်း ခံစားခွင့်ရှိသည်။

၂၈။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့မှအပ ပြည်သူ့ ကိုယ်စားလှယ်များသည် ပြည်ပသို့ ခရီးသွားလာရာတွင် ပထမအကြိမ် အေးသောနိုင်ငံသို့ သွားရောက်ရလျှင် ဝတ်စုံစရိတ်အဖြစ် ကျပ် ၂၅၀၀ ကိုလည်းကောင်း၊ ပထမအကြိမ် ပူသောနိုင်ငံသို့ သွားရောက်ရလျှင် ဝတ်စုံစရိတ်အဖြစ် ကျပ် ၁၅၀၀ ကိုလည်းကောင်း နိုင်ငံခြားငွေဖြင့်ခံစားခွင့်ရှိသည်။ နောက်ထပ်သွားရောက်ရသော အကြိမ်များအတွက် သုံးနှစ်ပြည့်တိုင်း ကျပ် ၁၅၀၀ ကို နိုင်ငံခြားငွေဖြင့် ခံစားခွင့်ရှိသည်။

၂၉။ (က) နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့၏ ညှိခံစရိတ်များကို နိုင်ငံတော်စရိတ်ဖြင့် ကျခံရမည်၊

(ခ) နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများအတွက် ညှိခံစရိတ်များကို နိုင်ငံတော် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း သုံးစွဲခွင့်ရှိသည်၊

(ဂ) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီ ညှိခံစရိတ်များကို ပြည်သူ့ကောင်စီ အဖွဲ့အစည်းအလိုက် နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း သုံးစွဲခွင့်ရှိသည်။

၃၀။ (က) ပြည်သူ့ ကိုယ်စားလှယ်များသည် ဆေးဝါး ကုသခံရန် အခြေအနေ ဖြစ်ပေါ်လာပါက ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် ရပိုင်ခွင့်များထက်မနည်း ခံစားခွင့် ရှိသည်၊

(ခ) ပြည်သူ့ ကိုယ်စားလှယ်များ၏ ဆေးဝါးကုသခွင့်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း သို့မဟုတ် ညွှန်ကြားချက်များကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်ရမည်။

၃၁။ (က) နိုင်ငံတော် ကောင်စီဝင်၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်၊တိုင်း၊မြို့နယ်အဆင့် ပြည်သူ့ ကောင်စီများတွင် တာဝန် ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များသည် ယင်းသို့ရွေးချယ် တာဝန် ပေးအပ်ခြင်းကြောင့် မိမိတို့ နေထိုင်ရာဒေသမှ သက်ဆိုင်ရာ အဖွဲ့အစည်းရုံးစိုက်ရာသို့ ပြောင်းရွှေ့ရလျှင် လည်းကောင်း၊ တာဝန်မှ ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း၊ တာဝန်ပြီးဆုံးခြင်းများကြောင့် ယင်းအဖွဲ့ရုံးစိုက်ရာ ဒေသမှ မိမိတို့နေထိုင်ရာဒေသသို့ ပြန်လည် ပြောင်းရွှေ့

ရလျှင်လည်းကောင်း ဝန်ထမ်းများ ပြောင်းရွှေ့ရသည့် အခါခံစားခွင့်ရှိစေရန် သတ်မှတ်ထားသည့် စည်းမျဉ်း၊ နည်းလမ်းများအတိုင်း ပြောင်းရွှေ့ ခရီးစရိတ်ခံစားခွင့် ရှိသည်၊

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြသည့် ပြည်သူ့ ကိုယ်စားလှယ် တဦးဦးသည် ဖော်ပြပါတာဝန်တွင် ထမ်းဆောင် နေစဉ်ကွယ်လွန်ပါက ကျန်ရစ်သော မိသားစုများအား မိမိတို့ဒေသသို့ ပြန်လည်ပြောင်းရွှေ့ရန်အတွက် ပုဒ်မခွဲ (က)ပါ စည်းမျဉ်း၊နည်းလမ်းများအတိုင်း ပြောင်းရွှေ့ ခရီးစရိတ် ခံစားခွင့်ရှိသည်။

၃၂။ ထောက်ပံ့ကြေး ခံစားခွင့်ရှိသော ပြည်သူ့ ကိုယ်စားလှယ်များ မှအပ ပြည်သူ့ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာများမှ လုပ်ငန်း သဘာဝအလိုက် ဖွဲ့စည်းသော ကော်မီတီများ၊ အဖွဲ့များတွင် ပြည်သူ့ ကိုယ်စားလှယ်တဦးအနေဖြင့် ပါဝင်ရပါက ယင်းကော်မီတီ သို့မဟုတ် အဖွဲ့အဆင့်အလိုက် သက်ဆိုင်ရာဌာနမှ ချီးမြှင့်သော နေ့တွက်စရိတ်၊ အစည်းအဝေးထိုင်စရိတ်များကို နောက်ဆက်တွဲဇယား “ခ” စာတိုင် ၅ တွင် ဖော်ပြထားသောနှုန်းထက်မများ ခံစားခွင့်ရှိသည့်ပြင် သက်ဆိုင်ရာ ဌာနမှ ချီးမြှင့်သည့်အမှန်ကုန်ကျသော ခရီးစရိတ်များကိုလည်း ခံစားခွင့် ရှိသည်။

# အခန်း (၇)

## အထွေထွေ

၃၃။ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့် ရှိသည့်ပြည်သူ့ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း မပြုသမျှ ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၃၄။ ထောက်ပံ့ကြေးခံစားခွင့်ရှိသည့် ပြည်သူ့ ကိုယ်စားလှယ်တစ်ဦးဦးသည် အကြောင်းကြောင်းကြောင့် ယင်း၏တာဝန်အဆင့်မှ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းပြုရသော်လည်း ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းမရှိသရွေ့ လုပ်ငန်းကုန်ကျစရိတ်ကို ခံစားခွင့်ရှိသည်။

၃၅။ ပြည်သူ့ကိုယ်စားလှယ် တစ်ဦးဦးသည် သောင်းကျန်းသူများ ဖမ်းဆီးခြင်းခံရပြီးပျောက်ဆုံးနေစဉ် ယင်းပြည်သူ့ကိုယ်စားလှယ်ကွယ်လွန်ကြောင်း သက်ဆိုင်ရာမှ တရားဝင်ကြေညာသည့်အချိန်အထိ သို့မဟုတ် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းပြည်သူ့ကိုယ်စားလှယ်၏ နေရာတွင် ပြန်လည်အစားထိုး ရွေးချယ်တင်

ပြောင်းရန် သက်ဆိုင်ရာမှ ကြေညာသည့်အချိန်အထိ ဤဥပဒေအရ ခံစားခွင့်များကို ယင်းကိုယ်စားလှယ်၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူက ခံစားခွင့်ရှိသည်။

၃၆။ ပြည်သူ့ကောင်စီ၏ အဖွဲ့အစည်း တရပ်ရပ် သို့မဟုတ် ပြည်သူ့ကောင်စီ၏ အဖွဲ့အစည်း၏အဖွဲ့ဝင်တဦးဦးကို နိုင်ငံတော်ကောင်စီကတာဝန်မှ ယာယီရပ်စဲခြင်းပြုလျှင် အဆိုပါအဖွဲ့ဝင်သည် ယင်းသို့ရပ်စဲထားသည့်ကာလအတွင်း ခံစားခွင့်ရှိသော ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။ ယင်းအပြင် နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်းတာဝန် ပေးအပ်ခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်များသည်လည်း ယင်းသို့တာဝန် ထမ်းဆောင်ရသည့် ကာလအတွက် ခံစားခွင့်ရှိသော ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်ရှိစေရမည်။

၃၇။ ပြည်သူ့ ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်ကိုယ်တိုင်အလိုက် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အရ လည်းကောင်း၊ နယ်မြေဒေသ သဘာဝအရလည်းကောင်း ထူးခြားသော အခြေအနေများ မမြော်လင့်နိုင်သော အခြေအနေများကြောင့် ခံစားခွင့်ပြုရမည့် ခရီးစရိတ်များ၊ နေ့တွက်စရိတ်များနှင့် အခြားစရိတ်များကို နိုင်ငံတော်ကောင်စီက သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၃၈။ ပြည်သူ့ ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့် ထောက်ပံ့ကြေး၊ ချီးမြှင့်ငွေ၊ လုပ်ငန်းကုန်ကျစရိတ်၊ ကရုဏာကြေးနှင့် အခြား ခံစားခွင့်များအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်ဘဏ္ဍာ၏ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်မှ ကျခံရမည်။

၃၉။ ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့်များနှင့် စပ်လျဉ်း၍ ယခင်က ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် အမိန့်များတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို ထုတ်ပြန်နိုင်သည်။

နောက်ဆက်တွဲဇယား (က)

## သောင်းကျန်းသူများ၏လက်ချက်ဖြင့် ထိခိုက်ဒဏ်ရာရရှိ၍ အလုပ်လုပ်ကိုင်နိုင်သည့် စွမ်းအား ဆုံးရှုံးမှုအတွက် ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့်ရှိသည့် ကရုဏာကြေး ရာခိုင်နှုန်းဖော်ပြချက် ဇယား

| အမှတ်စဉ် | ထာဝစဉ် ဆုံးရှုံးသော ကိုယ်အင်္ဂါ အမျိုးအမည် | အလုပ်လုပ်ကိုင်နိုင်သည့် စွမ်းအားဆုံးရှုံးမှုရာခိုင်နှုန်း |
|---|---|---|
| ၁ | လကျ်ာလက် တတောင်ဆစ် အထိ၊ သို့မဟုတ် တတောင်ဆစ် အထက်ဆုံးရှုံးခြင်း | ၇၀ |
| ၂ | လက် ဝဲ လက် တ တောင် ဆစ် အ ထိ၊ သို့မဟုတ် တတောင်ဆစ်အထက် ဆုံးရှုံးခြင်း | ၆၀ |
| ၃ | လကျ်ာလက် တတောင်ဆစ်အောက်ဆုံးရှုံးခြင်း .... | ၆၀ |
| ၄ | ခြေ ထောက် တ ဖက် ဒူး ဆစ် အ ထိ၊ သို့မဟုတ် ဒူးဆစ်အထက် ဆုံးရှုံးခြင်း | ၆၀ |
| ၅ | လက်ဝဲလက် တတောင်ဆစ်အောက် ဆုံးရှုံးခြင်း .... | ၅၀ |
| ၆ | ခြေထောက်တဖက်ဒူးဆစ်အောက်ဆုံးရှုံးခြင်း .... | ၅၀ |
| ၇ | အမြဲတမ်း လုံးဝနားပင်းသွားခြင်း .... | ၅၀ |
| ၈ | မျက်စိတဖက် ပျက်သွားခြင်း၊ သို့မဟုတ် ကွယ်သွားခြင်း | ၃၀ |
| ၉ | လက်မတချောင်း ဆုံးရှုံးခြင်း .... | ၂၅ |
| ၁၀ | ခြေထောက် တဖက်၏ ခြေ ချောင်း ကလေး များ အားလုံးဆုံးရှုံးခြင်း | ၂၀ |
| ၁၁ | လက်ညှိုးတချောင်းဆုံးရှုံးခြင်း .... | ၁၅ |
| ၁၂ | ခြေမတချောင်း ဆုံးရှုံးခြင်း .... | ၁၀ |
| ၁၃ | လက်ညှိုးနှင့် လက်မမှ အပ အခြား လက်ချောင်း တခုခု ဆုံးရှုံးခြင်း | ၅ |

## ပြည်သူ့ကိုယ်စားလှယ်များခံစားခွင့်ရှိသော နေ့တွက်စရိတ်များဇယား

| ပြည်သူ့ကိုယ်စားလှယ်အဆင့် | ပြည်သူ့လွှတ်တော်/ပြည်သူ့ကောင်စီ ဆိုင်ရာ အစည်းအဝေးတက်ရောက်ခြင်း | | | | အမှုဆောင်ပိုင် အဖွဲ့အစည်း တာဝန်အရ ခရီးလှည့် လည်ခြင်း | အခြား တာဝန် ကိစ္စ ရပ်များ ဆောင် ရွက် ခြင်း |
|---|---|---|---|---|---|---|
| | ပုံမှန်/အထူး အစည်းအဝေး | ကော်မရှင်/ကော်မတီ အစည်း အဝေး | သဘာပတိ အဖွဲ့အစည်း အဝေး | ရေးရာ ကော်မတီ အစည်း အဝေး | | |
| | ၃ | | | | | |
| ၂ | က | ခ | ဂ | ဃ | ၄ | ၅ |
| | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| **ပြည်သူ့လွှတ်တော်အဆင့်** | | | | | | |
| နိုင်ငံတော် သမ္မတ/နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ | .... | .... | .... | .... | • | .... |
| နိုင်ငံတော်ကောင်စီအတွင်းရေးမှူး .... | .... | .... | .... | .... | • | .... |
| ဝန်ကြီးချုပ် .... .... | .... | .... | .... | .... | • | .... |
| နိုင်ငံတော်ကောင်စီဝင် .... | .... | .... | .... | .... | ၃၀ | .... |
| ဗဟိုအာဏာပိုင်အဖွဲ့အစည်း ဥက္ကဋ္ဌများ .... | .... | .... | .... | .... | ၃၀ | .... |
| ဗဟိုအာဏာပိုင်အဖွဲ့အစည်း အဖွဲ့ဝင်များ .... | .... | .... | .... | .... | ၂၅ | .... |
| ဒုတိယဝန်ကြီးများ .... .... | .... | .... | .... | .... | ၂၀ | .... |
| သဘာပတိအဖွဲ့ဝင်များ .... | ၄၀ | ၂၅ | ၄၀ | .... | .... | ၂၀ |
| ရေးရာကော်မတီဝင်များ .... | ၃၀ | ၂၅ | .... | ၂၅ | .... | ၂၀ |
| ကျန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ .... | ၃၀ | ၂၅ | .... | .... | .... | ၂၀ |
| **ပြည်နယ်/တိုင်းအဆင့်** | | | | | | |
| ပြည်သူ့ကောင်စီဥက္ကဋ္ဌ .... | .... | •• | .... | .... | ၁၂ | ၁၂ |
| သူကြီး/လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌများ | .... | •• | .... | .... | ၁၂ | ၁၂ |
| အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး .... | .... | •• | .... | .... | ၁၂ | ၁၂ |
| အလုပ် အမှုဆောင်/တရား သူကြီး/လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | •• | ... | .... | ၁၂ | ၁၂ |
| သဘာပတိအဖွဲ့ဝင်များ .... | ၂၀ | •• | ၂၀ | .... | .... | ၁၂ |
| ရေးရာကော်မတီဝင်များ .... | ၁၅ | •• | .... | ၁၂ | .... | ၁၂ |
| ကျန်ပြည်သူ့ကိုယ်စားလှယ်များ .... | ၁၅ | •• | .... | .... | .... | ၁၂ |

## ပြည်သူ့ကိုယ်စားလှယ်များခံစားခွင့်ရှိသော နေ့တွက်စရိတ်များဇယား

| အမှတ်စဉ် | | ပြည်သူ့ကိုယ်စားလှယ်အဆင့် | ပြည်သူ့လွှတ်တော်/ပြည်သူ့ကောင်စီ ဆိုင်ရာ အစည်းအဝေး တက်ရောက်ခြင်း | | | | အာဏာပိုင်အဖွဲ့အစည်း တာဝန်အရ ခရီးလှည့်လည်ခြင်း | အခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ခြင်း |
|---|---|---|---|---|---|---|---|---|
| | | | ကြမ်း/အထူးအစည်းဝေး အစည်းအဝေး | ကော်မီရှင်/ကော်မီတီ အစည်းအဝေး | သဘာပတိအဖွဲ့ အစည်းအဝေး | ရေးရာကော်မီတီ အစည်းအဝေး | | |
| ၁ | | ၂ | ၃ က | ၃ ခ | ၃ ဂ | ၃ ဃ | ၄ | ၅ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၃ | | **မြို့နယ်အဆင့်** | | | | | | |
| | ၁၈ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ — | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၁၉ | တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌများ | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၀ | အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး — | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၁ | အလုပ်အမှုဆောင်/တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | •• | .... | .... | ၇–၅၀ | ၇–၅၀ |
| | ၂၂ | သဘာပတိအဖွဲ့ဝင်များ .... | ၁၅ | •• | ၁၅ | .... | .... | ၇–၅၀ |
| | ၂၃ | ရေးရာကော်မီတီဝင်များ .... | ၁၀ | •• | .... | ၇–၅၀ | .... | ၇–၅၀ |
| | ၂၄ | ကျန်ပြည်သူ့ကိုယ်စားလှယ်များ .... | ၁၀ | •• | .... | .... | .... | ၇–၅၀ |
| ၄ | | **ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်** | | | | | | |
| | ၂၅ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ — | .... | •• | .... | .... | .. | ၅ |
| | ၂၆ | အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး — | .... | •• | .... | | | .. ၅ |
| | ၂၇ | [illegible] ဥက္ကဋ္ဌ .... | ၅ | •• | .... | .... | .... | .. ၅ |
| | ၂၈ | [illegible] တရားသူကြီးအဖွဲ့ အဖွဲ့ဝင် | ၅ | •• | .... | .... | .... | .. ၅ |
| | ၂၉ | [illegible] — | ၇ | •• | ၇ | .... | .... | .. ၅ |
| | ၃၀ | ကျန် [illegible] လှယ်များ — | ၅ | •• | .... | .... | .... | ၅ |

မှတ်ချက်။ (၁)။ • နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့ တာဝန်အရ ခရီးလှည့်လည်လျှင် အထူးအစီအစဉ်ဖြင့်လုပ်သတ်မှတ် ပေးရန်။

(၂)။ •• ပြည်သူ့လွှတ်တော်မှဖွဲ့စည်းသည့် ကော်မီရှင်နှင့် ကော်မီတီများတွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနည်းတူ ခံစားခွင့်ရှိသည်။

(၃)။ စာတိုင် (၅)ရှိ အခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ခြင်းဆိုသည်မှာ၊ အထက်အာဏာပိုင်အဖွဲ့အစည်းများက ခေါ်ယူခြင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကျင်းပသည့်ညီလာခံများ၊ အစည်းအဝေးများနှင့် သင်တန်းများသို့ ပြည်သူ့ကိုယ်စားလှယ်အနေဖြင့်တက်ရောက်ခြင်း၊ တရားစီရင်ရေးအဖွဲ့၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်း။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး တက်ရောက်ခြင်းနှင့်ညွှန်ကြားချက်များမှ အညီဆောင်ရွက်ရန် သွားရောက်ခြင်းများကိုဆိုသည်။

ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ။ ။အဆက်

ဇယား (၅)။ ။အဆက်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | သုံးငွေများ | | |
|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ | အတိုးရငွေ၊ ကြွေးမြီရှင်းနှီး မြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ | ပြည်ပမှချေးငွေနှင့်ထောက်ပံ့ငွေ | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီရှင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၇ | **ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ဝန်ကြီးချုပ်၊သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ။ | | | | | | |
| ၁ | ဆောက်လုပ်ရေးကော်ပိုရေးရှင်း | | ၃၈,၃၉,၇၂,၂၀၀ | — | ၂,၂၃,၀၂,၀၀၀ | ၃၇,၅၅,၄၄,၂၀၀ | ၅၁,၈၆,၉၆၀ | ၉,၄၁,၄၀၀ |
| ၂ | ကျောက်မိုင်းကော်ပိုရေးရှင်း | | ၁,၀၁,၄၁,၆၀၀ | — | — | ၇၀,၆၇,၂၀၀ | ၁၆,၂၈,၇၀၀ | ၆၇,၀၀၀ |
| ၈ | **ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းများ** | ၎င်း | | | | | | |
| ၁ | ကြယ်ငါးပွင့် သင်္ဘောကော်ပိုရေးရှင်း | | ၁၃,၀၈,၃၂,၀၀၀ | — | — | ၁၃,၆၃,၉၄,၆၀၀ | ၈,၃၆,၆၃၀ | ၄၀,၀၀၀ |
| ၂ | ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း | | ၇,၃၆,၅၇,၆၀၀ | — | ၄,၇၀,၆၇,၀၀၀ | ၆,၇၆,၇၂,၁၀၀ | ၇,၀၇,၂၇,၀၃၀ | ၂၂,၁၁,၉၀၀ |
| ၃ | ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း | | ၁၁,၀၄,၆၀,၁၀၀ | — | ၁,၇၉,၆၆,၀၀၀ | ၁၀,၀၉,၆၉,၁၀၀ | ၁,၁၀,၃၇,၁၃၀ | ၅၈,၉၈,၂၀၀ |
| ၄ | ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း | | ၂၀,၄၄,၉၉,၂၀၀ | — | ၇,၀၁,၀၁,၀၀၀ | ၁၆,၅၅,၁၆,၁၀၀ | ၆,၀၄,၀၁,၄၁၀ | ၄,၅၇,၃၆,၃၀၀ |
| ၅ | လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်း | | ၇,၀၂,၄၄,၄၀၀ | — | ၁,၃၃,၅၁,၀၀၀ | ၆,၇၀,၈၅,၆၀၀ | ၁၇,၀၄,၆၁၀ | ၈၂,၅၂,၇၀၀ |
| ၆ | ဆိပ်ကမ်းကော်ပိုရေးရှင်း | | ၅,၃၃,၉၉,၆၀၀ | — | ၁၄,၁၄,၀၀၀ | ၃,၄၃,၀၆,၈၀၀ | ၉၁,၇၀,၀၀၀ | ၆၃,၀၆,၆၀၀ |
| ၇ | သင်္ဘောကျင်းကော်ပိုရေးရှင်း | | ၂၅,၃၉,၇၀၀ | ၉,၄၆,၄၀၀ | ၁၂,၉၄,၀၀၀ | ၇၇,၉၄,၁၀၀ | ၅၅,၆၂,၆၀၀ | ၁၉,၁၆,၀၀၀ |
| ၈ | ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်း | | ၄၀,၃၅,၀၀၀ | — | — | ၂၉,၅၁,၃၀၀ | ၁၈,၇၀၀ | — |
| ၉ | ဆက်သွယ်ရေးကော်ပိုရေးရှင်း | | ၅,၈၀,၁၀,၇၀၀ | — | ၂၈,၃၄,၀၀၀ | ၃,၉၄,၆၂,၃၀၀ | ၁,၃၃,၀၉,၀၄၀ | ၄,၅၀,၀၀၀ |
| ၉ | **ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းများ** | ၎င်း | | | | | | |
| ၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁) | | ၂,၉၇,၃၃,၂၁,၆၀၀ | ၂၉,၄၃,၀၀၀ | — | ၂,၄၂,၃၉,၈၅,၅၀၀ | ၄,၇၈,၃၇,၄၀၀ | ၂၈,၃၅,၀၀၀ |
| ၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂) | | ၁၅,၆၃,၇၀,၃၀၀ | — | — | ၁၄,၉၈,၄၀,၈၀၀ | ၃,၅၁,၃၀၀ | ၃၃,၉၄,၀၀၀ |
| ၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၃) | | ၇,၄၄,၀၄,၉၀၀ | — | — | ၅,၅၂,၄၂,၅၀၀ | ၁,၁၅,၁၀၀ | ၂,၃၉,၀၀၀ |
| ၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၄) | | ၁၉,၂၁,၁၃,၀၀၀ | — | — | ၁၆,၅၂,၈၅,၃၀၀ | ၉,၉၂,၇၀၀ | ၁,၁၆,၀၀၀ |
| ၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၅) | | ၉၃,၃၉,၈၇,၀၀၀ | — | — | ၇၉,၃၀,၆၀,၀၀၀ | ၁၅,၀၀၀ | — |
| ၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၆) | | ၂၀,၁၄,၂၄,၀၀၀ | — | — | ၂၅,၃၉,၆၇,၉၀၀ | ၁,၀၀,၉၀၀ | — |
| ၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၇) | | ၃,၈၀,၆၅,၀၀၀ | — | — | ၃,၄၀,၃၅,၃၀၀ | ၁၅,၀၀၀ | — |
| ၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၈) | | ၃,၉၀,၃၀,၀၀၀ | — | — | ၃,၇၀,၇၄,၀၀၀ | ၁၅,၀၀၀ | — |
| ၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၉) | | ၇,၂၀,၃၀,၀၀၀ | — | — | ၇,၅၁,၅၀,၃၀၀ | ၁၅,၀၀၀ | — |
| ၁၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၀) | | ၁၂,၉၆,၁၃,၀၀၀ | — | — | ၇,၉၉,၅၀,၀၀၀ | ၄,၂၂,၅၀၀ | ၂၆,၀၀၀ |
| ၁၁ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၂) | | ၁၅,၃၁,၂၀,၀၀၀ | — | — | ၉,၉၇,၀၂,၁၀၀ | ၂,၅၀,၀၀၀ | — |
| ၁၂ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၃) | | ၆,၆၅,၆၆,၀၀၀ | — | — | ၄,၄၇,၉၆,၄၀၀ | ၁,၂၄,၉၀၀ | ၁,၅၀,၁၀၀ |
| ၁၃ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၄) | | ၇,၁၆,၆၅,၀၀၀ | — | — | ၆,၀၇,၈၅,၀၀၀ | ၁,၅၁,၆၀၀ | — |
| ၁၄ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၅) | | ၉,၂၂,၃၁,၀၀၀ | — | — | ၆,၄၉,၅၆,၄၀၀ | ၄,၇၉,၀၀၀ | ၂၆,၆၀၀ |
| ၁၅ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၇) | | ၈,၂၁,၉၉,၂၀၀ | ၄၇,၆၆,၆၀၀ | — | ၇,၆၀,၃၁,၃၀၀ | ၃၁,၆၀၀ | — |
| ၁၆ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၈) | | ၄,၀၆,၆၃,၀၀၀ | — | — | ၃,၄၁,၂၆,၄၀၀ | ၁၅,၀၀၀ | — |
| ၁၇ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁၉) | | ၃,၀၉,၈၃,၀၀၀ | ၁၁,၀၀,၀၀၀ | — | ၂,၃၅,၈၇,၀၀၀ | ၈,၇၄,၀၀၀ | ၃၁,၀၀၀ |
| ၁၈ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၀) | | ၂,၃၀,၇၈,၆၀၀ | — | — | ၂,၂၉,၁၉,၂၀၀ | ၇၀,၉၄,၀၀၀ | ၂၅,၅၅,၀၀၀ |
| ၁၉ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၁) | | ၂၀,၇၈,၀၀၀ | — | — | ၁၉,၇၄,၀၀၀ | ၁၈,၀၀၀ | — |
| ၂၀ | ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၂၂) | | ၈,၅၂,၇၀,၀၀၀ | — | — | ၇,၅၁,၄၆,၀၀၀ | — | ၆,၀၀၀ |
| ၂၁ | ထုပ်ပိုး ထည့်သွင်းပစ္စည်းကော်ပိုရေးရှင်း | | ၆,၉၉,၄၁,၂၀၀ | — | — | ၅,၃၉,၁၁,၉၀၀ | ၂,၂၆,၃၀၀ | — |
| ၂၂ | ကုန်သွယ်ရေး (ဗဟို) သင်တန်းကျောင်း | | — | — | — | ၁၀,၃၆,၁၀၀ | ၁၆,၆၀၀ | — |
| ၂၃ | မြို့နယ်/မြို့မကုန်သွယ်ရေးများနှင့် ကုန်သွယ်ရေး ကြားခန်းများ | | ၅,၄၀,၈၅,၀၀၀ | — | — | ၆,၀၉,၆၇,၀၀၀ | ၇၁,၂၀၀ | — |
| ၂၄ | ဗဟိုကုန်သွယ်ရေး | | ၁,၉၉,၀၀၀ | ၄၇,၀၀၀ | ၈,၀၂,၈၀,၀၀၀ | ၁,၀၉,၀၃,၀၀၀ | ၉၀,၀၀၀ | ၈၀,၄၉,၆၀၀ |

## ပြည်သူ့ကောင်စီတာဆင့်ဆင့်ရှိ ပြည်သူ့ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့်အခြားခံစားခွင့်များ



| အမှတ်စဉ် | တာဝန်ထမ်းဆောင် | ခရီးစရိတ် | အခြားခံစားခွင့်များ — နေအိမ်၊ သို့မဟုတ် နေအိမ်စရိတ် | အခြားခံစားခွင့်များ — မော်တော်ယာဉ်သုံးပိုင်ခွင့် — ဦးရေ | အခြားခံစားခွင့်များ — အဆောင်သုံး (ကျပ်) | အခြားခံစားခွင့်များ — ပုံသေခရီးစရိတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ | လေယာဉ်၊ မီးရထားအထက်တန်း၊ သင်္ဘောအထက်တန်း၊ မိမိကိုယ်ပိုင်ယာဉ်ဖြင့်သွားရလျှင် ယင်းခရီးအတွက် မီးရထား (သို့မဟုတ်) သင်္ဘောအထက်တန်းခကုန်ကျစရိတ်၊ ပြည်သူပိုင်ယာဉ်များ ပြေးဆွဲခြင်း မရှိသောခရီးစဉ်များတွင် မော်တော်ယာဉ်၊ ရေယာဉ်၊ တိရစ္ဆာန်ယာဉ်ဖြင့် သွားရလျှင် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများမှ သတ်မှတ်ထားရှိသည့် နှုန်းထားကုန်ကျစရိတ် | သင့်တင့်လျောက်ပတ်စွာ ပြင်ဆင်ထားသည့် နေအိမ် (သို့မဟုတ်) အိမ်ငှားခ တလ ၁၂၅ ကျပ် | ၁ စီး | — | — |
| ၂ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီအတွင်းရေးမှူး | ၎င်း | ၎င်း | ၁ စီး | — | — |
| ၃ | ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ၎င်း | ၎င်း | ၁ စီး | — | — |
| ၄ | ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ | ၎င်း | ၎င်း | ၁ စီး | — | — |
| ၅ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၆ | ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၇ | ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၈ | သဘာပတိအဖွဲ့ဝင်များ | ၎င်း | — | — | — | — |
| ၉ | ရေးရာကော်မီတီဝင်များ | ၎င်း | — | — | — | — |
| ၁၀ | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်များ | ၎င်း | — | — | — | — |
| ၁၁ | မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ | ၎င်း | — | — | — | — |
| ၁၂ | မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး | ၎င်း | — | — | — | — |
| ၁၃ | မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ၎င်း | — | — | — | — |
| ၁၄ | မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ | ၎င်း | — | — | — | — |
| ၁၅ | မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၁၆ | မြို့နယ်တရားသူကြီးအဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၁၇ | မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၁၈ | သဘာပတိအဖွဲ့ဝင် | ၎င်း | — | — | — | — |
| ၁၉ | ရေးရာကော်မီတီဝင် | ၎င်း | — | — | — | — |
| ၂၀ | မြို့နယ်ပြည်သူ့ကောင်စီဝင်များ | ၎င်း | — | — | — | — |
| ၂၁ | ရပ်ကွက်/ကျေးရွာအုပ်စုပြည်သူ့ကောင်စီဥက္ကဋ္ဌ | ၎င်း * | — | — | — | — |
| ၂၂ | အတွင်းရေးမှူး | ၎င်း * | — | — | — | — |
| ၂၃ | တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ | ၎င်း * | — | — | ၁၀ | ၂၀ |
| ၂၄ | အလုပ်အမှုဆောင်အဖွဲ့ဝင် | ၎င်း * | — | — | ၁၀ | ၁၅ |
| ၂၅ | တရားသူကြီးအဖွဲ့ဝင် | ၎င်း * | — | — | ၁၀ | ၁၅ |
| ၂၆ | သဘာပတိအဖွဲ့ဝင် | ၎င်း | — | — | ၁၀ | — |
| ၂၇ | ရပ်ကွက်/ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်များ | ၎င်း | — | — | ၁၀ | — |

မှတ်ချက်။ ၊ * မိမိတို့သက်ဆိုင်ရာရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုအတွင်း ခရီးလှည့်လည်ခြင်းမှအပ တာဝန်အရ ခရီးသွားလာခြင်းအတွက်ဖြစ်ပါသည်။